# “သင်၏ မျက်လုံးများကို ပိတ်ထားပါ”

# Close Your Eyes

အပြစ်တရားကြောင့် ဖြစ်တည်လာသည့် ကြီးစွာသောလူ့ကွဲဆင်းရဲ၏ မြင်ကွင်းများ ၊ ဝမ်းနည်းပူဆွေးမှုများ၊ သိမ်ဖျင်းမှုများနှင့် သင်၏ ဉာဏ်မျက်စိဆိုင်ရာ ရုပ်ပုံများတို့ ရှေ့မှ စုံလင်သော မြေကြီး၏ ဘုန်းအသရေဆိုင်ရာ ပုံရိပ်တို့အတွက် ခေတ္တခဏ သင့်၏မျက်လုံးများ ပိတ်ထားပါ။

စုံလင်သော လူ့အသိုင်းအဝိုင်းတစ်ခု၏ ညီညွတ်ခြင်းနှင့် ငြိမ်သက်ခြင်းကို ဖျက်ဆီးသည့် အပြစ်၏ အစွန်းအထင်းတစ်ခုမျှ မရှိပါ။ နှလုံးသားတိုင်းမှ ချစ်ခြင်းမေတ္တာသည် ပြည့်လျှံလျှက် စီးဆင်းပါသည်။ အခြားနှလုံးသားတိုင်း၌လည်း တူညီသော တုန့်ပြန်မှုတစ်ခုကို တွေ့ရပါသည်။ ကျေးဇူးပြုချင်သောစေတနာစိတ်သည် အပြုအမူတိုင်း၌ အမှတ်လက္ခဏာတစ်ခု ဖြစ်ပါသည်။

နေထိုင်မကောင်းခြင်း၊ ဖျားနာခြင်းများရှိတော့မည်မဟုတ်ပါ၊ ကိုက်ခဲခြင်းဖြစ်စေ၊ နာကျင်ခြင်းဖြစ်စေ မရှိတော့ပါ။

သင်မြင်ခဲ့ဖူးသည့် သိသာထင်ရှားသော လူ၏သဏ္ဍာန်နှင့် သွင်ပြင်လက္ခဏာတို့၏ ကျန်းမာခြင်းနှင့် လှပခြင်းပုံရိပ်တို့ထက် ပို၍ သာလွန်ခြင်းရှိလိမ့်မည်ဖြစ်သော စုံလင်သည့်လူတို့၏ ကျန်းမာခြင်း လှပခြင်းတို့ကို ကြည်နူးစွာ အောက်မေ့သိရှိပါ။

အတွင်းနှလုံးသား၌ စင်ကြယ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ၊ သိက္ခာပိုင်းဆိုင်ရာ စုံလင်ခြင်းတို့ကို အလွန်ဝမ်းမြောက်ပျော်ရွှင်လျှက်ရှိသော မျက်နှာများပေါ်တွင် ပေါ်လွင်စေလျှက် ဘုန်းထင်ရှားစေမည်ဖြစ်ပါသည်။

ရှင်ပြန်ထမြောက်ခြင်းအလုပ်ပြီးဆုံးသည်ကို သိမြင်နားလည်လာကြသောအခါ ဝမ်းနည်းစွာ ငိုကြွေးနေကြသည့် ဆွေမျိုးရင်းချာများ ဆုံးရှုံးသွားသော သူတို့၏ မျက်ရည်ရှိသမျှတို့အား သုတ်ပေးတော်မူမည့် နှစ်သိမ့်မှုကို ရရှိကြမည်ဖြစ်ပါသည်။

ထိုကဲ့သို့ မြေကြီးနှင့်ဆိုင်သော အသိုင်းအဝိုင်းသည် ခံစားရရှိကြပါလိမ့်မည်။

ဗျာ - ၂၁ း ၄